ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၂၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၈.၆၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ၁၃-၇-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်မှု အခြေအနေကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က တင်ပြသွားမှာဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၃)ဦးရှိပါတယ်။ ယနေ့အတွက် ခွင့်ပန်ကြားသူ မရှိပါကြောင်းနှင့် ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်ထားသည့် ဆာဆီချောက် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးပေါ်တွင်ရှိသော ပေ(၄၀၀)ရှည်လျားသည့် ဘွိုင်နူမြစ်ကူးတံတားအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဟားခါးမှ နယ်စပ်ဘွိုင်နူမြစ်အထိ ကတ္တရာခင်းရန် ကျန်ရှိနေသော (၄၆)မိုင်အား နိုင်ငံတော်အစိုးရမှသော်လည်းကောင်း၊ နိုင်ငံတကာ အထောက်အပံ့ဖြင့်သော်လည်းကောင်း လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်ထားသည့် ဆာဆီချောက် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးပေါ်တွင်ရှိသော ပေ(၄၀၀)ရှည်လျားသည့် ဘွိုင်နူမြစ်ကူးတံတားအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဟားခါးမှ နယ်စပ်ဘွိုင်နူမြစ်အထိ ကတ္တရာခင်းရန် ကျန်ရှိနေသော (၄၆)မိုင်အား နိုင်ငံတော်အစိုးရမှသော်လည်းကောင်း၊ နိုင်ငံတကာ အထောက်အပံ့ဖြင့်သော်လည်းကောင်း လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်နဲ့ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ ဆက်သွယ်ထားတဲ့ နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးပေါ်တွင်ရှိတဲ့ နယ်စပ်ကိုဖြတ်ကျော်တဲ့ ဘွိုင်နူမြစ်ဟာ ပေ(၄၀)ကျယ်ဝန်းပြီး ၎င်းမြစ်ကူးတံတားအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ထန်တလန်မြို့မှ နယ်စပ်အထိ ကတ္တရာမခင်းရသေးသော ကားလမ်း (၄၆)မိုင်အား ကတ္တရာခင်းပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်နဲ့ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် ဆက်သွယ်ထားတဲ့ ဆာဆီချောက်နယ်စပ်ကုန်သွယ်ရေးလမ်းကို နိုင်ငံတော်အစိုးရမှ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးအဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ယခုအခါ ထန်တလန်မြို့တွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံးလည်း ဖွင့်လှစ်ထားပြီးဖြစ်သော်လည်း နယ်စပ်ဘုံတလန်ကျေးရွာနဲ့ ထအိုးကျေးရွာများတွင် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ရဲကင်းနှင့် ဂိုဒေါင်များ ဆောက်လုပ်ရန် စီမံချက်ရှိပြီးဖြစ်သော်လည်း ယနေ့အထိ ဆောက်လုပ်ထားခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံး ဆောက်လုပ်ဖွင့်လှစ်ပေးရန် အထူးလိုအပ်လှပါတယ်။ အိန္ဒိယနဲ့ မြန်မာနှစ်နိုင်ငံကုန်းလမ်းနယ်စပ်ကို ဖြတ်သန်း၍ နှစ်ဖက်ပြည်သူများ လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာ

နိုင်ရေး၊ ပြည်သူအချင်းချင်း ဆက်သွယ်မှုတိုးမြှင့်ရေးအတွက် အားပေးရန် နှစ်ဖက်အစိုးရများက သဘောတူခဲ့ကြပြီး ဖြစ်ပါတယ်။

လမ်းပိုင်းအနေဖြင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ဆိုင်ဟာခရိုင်မြို့မှ နယ်စပ် ပန်ခွားကျေးရွာ (၃၁)မိုင်အထိကို ကတ္တရာလမ်း ခင်းထားပြီးဖြစ်ပါတယ်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအပိုင်းမှာတော့ ဟားခါး မြို့တော်မှ နယ်စပ် ဘွိုင်နုမြစ်အထိ (၆၆)မိုင်ရှိရာ ဟားခါးမှ ထန်တလန်အထိ (၂၂)မိုင်အား မြေသားလမ်း (၃၄)ပေအကျယ်ဖြင့်လည်းကောင်း၊ ထန်တလန်မြို့မှ ဘွိုင်နုအထိ (၄၄)မိုင်အား (၂၄)ပေအကျယ်ဖြင့် တူးဖော်ပြီးစီးပြီးဖြစ်ရာ ကတ္တရာလမ်းအနေဖြင့် ဟားခါးမှ ထန်တလန်အထိ (၂၀)မိုင်အား ကတ္တရာခင်းပြီး ဖြစ်ပါတယ်။ (၄၆)မိုင်သာ ခင်းရန်ကျန်ရှိပါတယ်။

ဒါ့အပြင် ဘွိုင်နုမြစ်ကို နှစ်ဖက်နိုင်ငံ ကျွမ်းကျင်သူ အင်ဂျင်နီယာများမှ ပဏာမ လေ့လာပြီး ဖြစ်၍ အကြမ်းဖျင်း ပေ(၄၀၀)ခန့် ရှည်လျားကြောင်း၊ ၎င်းတံတားအား အမြန်တည်ဆောက်ပြီးစီးပါက အိန္ဒိယနဲ့ မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေးနဲ့ ကုန်သွယ်မှုလုပ်ငန်း ပိုမိုချောမွေ့ပြီး ကုန်စည်စီးဆင်းမှုပါ ပိုမိုတိုးတက်လာမှာဖြစ်တဲ့အတွက် ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ ဒေသခံပြည်သူများရဲ့ စီးပွားရေးနဲ့ လူနေမှုဘဝ ပိုမိုတိုးတက်စေမှာ ဖြစ်ပါတယ်။ ၎င်းတံတားဟာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ဝင်ထွက်ပေါက်တစ်ခု ဖြစ်သည့်အတွက် ကုန်သည်များနှင့် ခရီးသည်များ အများအပြား ဝင်ထွက်သွားလာနိုင်သော နေရာ တစ်ခုလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်း အိန္ဒိယ-မြန်မာ ဆက်သွယ်ထားတဲ့ ပေ(၄၀၀) ရှည်လျားသော ဘွိုင်နုမြစ်ကူးတံတားအား မည်သည့်အချိန်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဟားခါးမှ နယ်စပ်ဘွိုင်နုမြစ်အထိ ကတ္တရာခင်းပေးရန် ကျန်ရှိတဲ့ (၄၆)မိုင်အား နိုင်ငံတော် အစိုးရမှသော်လည်းကောင်း၊ နိုင်ငံတကာအထောက်အပံ့ဖြင့်သော်လည်းကောင်း ကတ္တရာခင်းပေးရန် အစီအစဉ် ရှိ/မရှိတို့ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဆောက်လုပ်ရေး ဝန်ကြီးသို့ ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး

ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ ဆက်သွယ်ထားသည့် ဆာဆီချောက်နယ်စပ် ကုန်သွယ်ရေးလမ်းမကြီးပေါ်တွင်ရှိသော ပေ(၄၀၀)ရှည်လျားသည့် ဘွိုင်နူမြစ်ကူးတံတားအား တည်ဆောက်ပေးရန်နှင့် ဟားခါးမှ နယ်စပ်ဘွိုင်နူမြစ်အထိ ကတ္တရာခင်းရန် ကျန်ရှိနေသော (၄၆)မိုင်အား နိုင်ငံတော်အစိုးရမှ သော်လည်းကောင်း၊ နိုင်ငံတကာအထောက်အပံ့ဖြင့်သော်လည်းကောင်း လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းဟာ ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီး ဟားခါးမြို့မှစ၍ ထန်တလန်မြို့ကိုဖြတ်ပြီး မြန်မာ-အိန္ဒိယနယ်စပ် ဆာဆီချောက်အရပ်(ဘွိုင်နူမြစ်)တွင် ဆုံးပြီးတော့ (၆၅)မိုင် (၂)ဖာလုံ ရှည်လျားပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့မှာရှိတဲ့ လမ်းအခြေအနေကတော့ ကတ္တရာလမ်း(၂၁)မိုင် (၆)ဖာလုံ၊ ကျောက်လမ်း (၈)မိုင် (၅)ဖာလုံ၊ အမာခံလမ်း(၄)မိုင် (၄)ဖာလုံနဲ့ မြေလမ်း(၃၀)မိုင် (၃)ဖာလုံ ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ ကျပ်(၆၁၁.၈၇)သန်းနဲ့ (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း(၁)မိုင် (၅)ဖာလုံ၊ (၁၄)ပေအကျယ် အမာခံလမ်းခင်းခြင်း(၄)မိုင် (၇)ဖာလုံ၊ အန္တရာယ်ရှိသော မျက်ကွယ်ကွေ့တာချဲ့၍ လမ်းဖြောင့်ခြင်း(၄)မိုင် (၄)ဖာလုံ၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း(၅)စင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း(၉၈)လုံး၊ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်း(၁၇)ခု၊ ကျောက်စီ/အုတ်စီ ရေမြောင်းတည်ဆောက်ခြင်း(၁၀၁၈၇)ပေနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန် ၃၁-၃-၂၀၁၈ ရက်နေ့တွင် ကတ္တရာလမ်း(၂၃)မိုင် (၃)ဖာလုံ၊ ကျောက်လမ်း(၇)မိုင် (၅)ဖာလုံ၊ အမာခံလမ်း(၉)မိုင် (၃)ဖာလုံ၊ မြေလမ်း(၂၄)မိုင် (၆)ဖာလုံတို့ ရှိလာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ကျန်ရှိသော မိုင်(၄၆)မိုင် အပိုင်းကို နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်မည်မဟုတ်ဘဲနဲ့ ပြည်နယ်ရန်ပုံငွေဖြင့်သာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ရာသီမရွေး သွားလာနိုင်သော အမာခံလမ်းအဆင့်သို့ ရောက်ရှိအောင်အတွက် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်ထားတဲ့ ဆာဆီချောက် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးပေါ်တွင်ရှိသော (ဘွိုင်နူ)မြစ်ကူးတံတားအား တည်ဆောက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် အကောင်အထည်ဖော်နိုင်ရေးကို အိန္ဒိယသံရုံးနှင့် ညှိနှိုင်းထားရှိပြီး ယခုအခါ အိန္ဒိယဘက်မှ အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ ပူးပေါင်း၍ လမ်းအူကြောင်းနှင့် တံတားကမ်းကပ်ခုံ တည်နေရာများရှာဖွေခြင်း၊ အချက်အလက်များ စုဆောင်းခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဦးအောင်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း မှ ဖတ်ကြားမှာ ဖြစ်ပါတယ်။ ဖတ်ကြားရမယ့် အကြောင်းအခြင်းအရာက အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း စိစစ်တင်ပြခြင်း အစီရင်ခံစာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ - ၃၅၀
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

၁။ ပြည်သူ့လွှတ်တော်က အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ၂၃-၆-၂၀၁၇ ရက်နေ့မှာ ပြင်ဆင်ချက်များနှင့် သဘောတူအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၂၇-၆-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ၆-၇-၂၀၁၇ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များနှင့် ပြည့်စုံမှုရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၈-၇-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ - ၃၄၉
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ၃၀-၆-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၃-၇-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု

လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၆-၇-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နှင့် ပြင်ဆင်အစားထိုးသည့် ပုဒ်မများ အစီအစဉ်ကျနမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃ ကို အပိုဒ် ၄ ဟု လည်းကောင်း၊ အပိုဒ် ၄ ကို အပိုဒ် ၃ ဟု လည်းကောင်း၊ အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အုပ်ထိန်း သူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း စိစစ်ခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ - ၃၄၈
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

၁။ ပြည်သူ့လွှတ်တော်က အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၄-၆-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၄-၇-၂၀၁၇ ရက်နေ့တွင် ပေးပို့လာ ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ

ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၆-၇-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နှင့် ပြင်ဆင်အစားထိုးသည့် ပုဒ်မများ အစီအစဉ်ကျနမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈ ကို အပိုဒ် ၆ ဟုလည်းကောင်း၊ အပိုဒ် ၆ ကို အပိုဒ် ၇ ဟုလည်းကောင်း၊ အပိုဒ် ၇ ကို အပိုဒ် ၈ ဟုလည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို လေးစားပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၈-၇-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်မှုအရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား စိစစ်တင်ပြခြင်း အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်ကျိန်ငိုက်မန် မှ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇ - ၃၅၇
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇူလိုင် ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က ၆-၇-၂၀၁၇ ရက်နေ့တွင် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၁၀-၇-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရား

လွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်းတိန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၁-၇-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ခေတ်စနစ်နှင့်လျော်ညီစေရန် အသုံးအနှုန်း၊ အသက်ကန့်သတ်ချက်နှင့် ဒဏ်ငွေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို အင်္ဂလိပ်ကိုလိုနီခေတ် ၁၈၇၂ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသဖြင့် ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်၊ ခရစ်ယာန်ဘာသာဝင် မြန်မာနိုင်ငံသားအားလုံး လွယ်ကူရှင်းလင်းစွာ သိရှိလိုက်နာနိုင်စေရန်တို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကဖြစ်စေ၊ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး ကဖြစ်စေ ခရစ်ယာန်အသင်းတော်များနှင့် ညှိနှိုင်း၍ ဥပဒေကြမ်းအား အသစ်အဖြစ် မြန်မာဘာသာဖြင့် ပြုစုရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ သင့်လျော်သည့်အချိန်တွင် တင်သွင်းသင့်ကြောင်းကိုလည်း ကော်မတီအနေဖြင့် အကြံပြု တင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၈-၇-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး အနေနဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၁)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဆွေးနွေးအတည်ပြုနိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အဆိုပါ ဥပဒေမူကြမ်းပါ ဆောင်ရွက်လိုတဲ့ ပြင်ဆင်ချက်များအပေါ် ဦးစွာ အကျဉ်းချုပ် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ပထမပြင်ဆင်ချက်အနေနဲ့ လက်ရှိ ကျွန်တော်တို့ အစိုးရလက်ထက် မှာ ဝန်ကြီးဌာနတွေ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းနှင့် ညီညွတ်စေရန်အတွက် ပုဒ်မ ၃၊ ပုဒ်မခွဲ(န) ပါ ဝန်ကြီး ဌာနရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနကို လက်ရှိဝန်ကြီးဌာနရဲ့ အမည်ဖြစ်တဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ အစားထိုးပြင်ဆင် လိုခြင်း ဖြစ်ပါတယ်။

ဒုတိယပြင်ဆင်ချက်အနေနဲ့ ရာဇသတ်ကြီးဥပဒေတွင် ပါဝင်ပြီးဖြစ်သော ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုခြင်းနှင့် ဆက်စပ်ပြီး အဓိပ္ပာယ်တိတိကျကျ သတ်မှတ်ဖော်ပြရန်ခက်တဲ့ ပြဋ္ဌာန်းချက်အချို့ကို ပယ်ဖျက်ခြင်းဖြင့် တရားဥပဒေတစ်ရပ်၏ အင်္ဂါရပ်များနဲ့ ပိုမိုညီညွတ်စေရန်အတွက် မူလဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ) တွင် ဖော်ပြထားတဲ့ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြုတဲ့ ပြုလုပ်မှုများအနက် အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်းနဲ့ မလျော်သြဇာသုံးခြင်း စတဲ့ ပြစ်မှုသုံးမျိုးကို ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။

တတိယပြင်ဆင်ချက်အနေနဲ့ ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စများအတွက် တရားစွဲဆိုရာတွင် ဝန်ကြီးဌာနရဲ့ ကြိုတင်ခွင့်ပြုချက်ကို တောင်းခံရန်မလိုအပ်သဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အရေးယူဆောင်ရွက်နိုင်ရန်အတွက် မူလဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ(ခ)ကို ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဂ)(ဃ)နှင့် ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)တို့ပါ ပြစ်မှုများမှတစ်ပါး ကျန်ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူမည် ဟု အစားထိုး ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်တဲ့ ကျန်ပြစ်မှုများမှာ နည်းပညာပိုင်းဆိုင်ရာနဲ့ ဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုပိုင်းဆိုင်ရာ ပြစ်မှုများဖြစ်ပါတယ်။

စတုတ္ထပြင်ဆင်ချက်အနေနဲ့ တရားစွဲဆိုခံရသူများအနေနဲ့ ဖြေရှင်းထုချေရာမှာ ပွင့်လင်းမျှတစွာ အာမခံခြင်း၊ အချုပ်လွတ် ထုချေပိုင်ခွင့် အပြည့်အဝရရှိနိုင်စေရန်အတွက် မူလဥပဒေပုဒ်မ ၈၀ တွင် ပုဒ်မခွဲ(ဂ)ကို အသစ်ဖြည့်စွက်၍ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(က)(ခ)နဲ့ (ဃ)တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်တဲ့ ပြစ်မှုများအဖြစ် သတ်မှတ်လိုခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဂ)မှာတော့ ငွေကြေး သို့မဟုတ် ပစ္စည်းခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်းနဲ့ အကျိုးပျက်စီးစေခြင်းတို့နဲ့ သက်ဆိုင်တဲ့ပြစ်မှုများဖြစ်တဲ့အတွက် အာမခံပေးနိုင်တဲ့ပြစ်မှုအဖြစ် မသတ်မှတ်ခြင်းဖြစ်ပါတယ်။

နောက်ဆုံးပြင်ဆင်ချက်အနေနဲ့ အသရေဖျက်မှုကဲ့သို့သော ကိစ္စမျိုးတွင် နစ်နာသူမဟုတ်ဘဲ အခြားမသက်ဆိုင်သူများမှ ဝင်ရောက် တိုင်ကြားနေမှုများကြောင့် မလိုလားအပ်တဲ့ ကိစ္စရပ်များ မဖြစ်ပေါ်စေရန်အတွက် မူလဥပဒေပုဒ်မ ၈၀ တွင် ပုဒ်မခွဲ(ဃ)ကို အသစ်ဖြည့်စွက်၍ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ)ပါ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးကို အသရေဖျက်ကြောင်း သက်ဆိုင်ရာ နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ကိုယ်စား လွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ တိုင်တန်းချက်အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရေးအတွက် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ယခု အဆိုပြုတဲ့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်များနှင့်အညီ ညှိနှိုင်းပြင်ဆင် ဖြည့်စွက်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီမှတစ်ဆင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၇)သို့ တင်ပြခဲ့ရာ အဆိုပါ ဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြဆောင်ရွက်ရန် သဘောတူခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူလူထုအနေနဲ့ အရည်အသွေးမြင့်မားတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိစေရန်နဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း

လုပ်ကိုင်သူများနဲ့ အသုံးပြုသူများကို ဥပဒေနဲ့အညီ ကြီးကြပ် အကာအကွယ်ပေးနိုင်ရန် အဓိက ရည်ရွယ်၍ ပြည်တွင်းပြည်ပပညာရှင်များနဲ့ တိုင်ပင်ရေးဆွဲခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။

သို့ရာတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို အသုံးပြု၍ ပုဂ္ဂိုလ်များအကြား တိုင်ကြားမှုများ တစ်နေ့တခြား များပြားလာတာကို တွေ့ရှိရပြီး လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေအရ တရားစွဲဆိုခံရသူအနေနဲ့ မမှန်မကန် စွပ်စွဲတိုင်ကြားခြင်းခံရပါက နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းကိုလည်း ပြည်သူများအကြား ဝေဖန်မှုများ မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/၂၀၁၇- ၃၅၂
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လ ၁၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၇-၇-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါတယ်။ ယင်းဥပဒေနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၀-၇-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါတယ် -

(က) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နှင့် ဥပဒေပါ ပြဋ္ဌာန်းချက်များ လျော်ညီမှုရှိစေရန် အတွက် ပြင်ဆင်သည့်ဥပဒေကြမ်း၏ အပိုဒ် ၃ တွင် ပါရှိသည့် ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ) တွင် ဖော်ပြထားသော ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ဆိုသည့်စကားရပ်ကို ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄ တွင် ပါရှိသည့် ပုဒ်မ ၈၀၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မ ၆၆၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ) တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ် သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

( ခ ) ဤဥပဒေကြမ်းသည် ဆက်သွယ်ရေးကွန်ရက်ကို အလွဲသုံးစားပြုနေသူများအား စစ်ဆေး အရေးယူရာတွင် စွပ်စွဲခံရသူများအနေဖြင့် ဖြေရှင်းထုချေရာ၌ အခွင့်အရေးအပြည့် အဝရရှိစေရန်လည်းကောင်း၊ အသရေဖျက်မှုတွင် နစ်နာသူကိုယ်တိုင်နှင့် ကိုယ်စား လွှဲအပ်ခြင်းခံရသူတို့မဟုတ်ဘဲ တိုင်တန်းတရားစွဲဆိုနေခြင်းကို တားဆီးနိုင်ရန်အတွက် လည်းကောင်း၊ ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ များအတွက် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းခံရခြင်း ကြောင့် နှောင့်နှေးကြန့်ကြာမှု မရှိစေရန်လည်းကောင်း၊ ဆက်သွယ်ရေးဥပဒေတွင် ပြဋ္ဌာန်း ဖော်ပြထားသော်လည်း ရာဇသတ်ကြီးဥပဒေတွင် ပါရှိပြီးဖြစ်သည့်အတွက် ပြဋ္ဌာန်းချက်

အချို့ကို ပယ်ဖျက်ခြင်းအားဖြင့် ဥပဒေအင်္ဂါရပ်နှင့် ပိုမိုညီညွတ်စေရန်လည်းကောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးခြင်း၊ အသုံးပြုခြင်းတို့နှင့်သာ သက်ဆိုင်သည့်ပြစ်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ထိရောက်စွာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တင်သွင်းလာခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြု ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၇-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၀း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]